# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၁၉/ ၂၀၁၉ )

စာအမှတ်--------

ရက်စွဲ----------

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၉/ ၂၀၁၉) အား ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၃)ခု စုစုပေါင်း (၆)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၁)ခုနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂) ခွင့်ပြုခဲ့ပါသည်။

ယခု အစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၆)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈၅၇.၂၉၀) သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃,၀၁၈)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း (၆)ခုမှာ လျှပ်စစ်ကဏ္ဍမှ(၂)ခု၊ အိမ်ယာအဆောက်အဦကဏ္ဍမှ (၁)ခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍမှ (၁)ခုနှင့် စက်မှုကဏ္ဍမှ (၂)ခု ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၂၉) ရက်နေ့ အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄၁)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၃၅၃.၅၇၂) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁,၃၇၇.၄၂၆) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၂၉) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၅.၂၀၃) သန်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၂၉) ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၃၉၂.၆၂၉) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၃)ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခုနှင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု စုစုပေါင်း (၇)ခု ခွင့်ပြုပေးခဲ့ပါသည်။

အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၄၈၆)သန်း အပါအဝင် ကျပ် (၂၆၉,၃၁၃.၈၉၈)သန်း ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၄၆၇)ဦးကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း (၇)ခုမှာ စက်မှုကဏ္ဍမှ (၂)ခု၊ ဟိုတယ်ကဏ္ဍမှ (၂)ခု၊ အိမ်ယာ အဆောက်အဦကဏ္ဍမှ (၂)ခုနှင့် မွေး/ရေကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၂၉) ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၄)ခု၊ အမေရိကန်ဒေါ်လာ (၉၈.၀၈၂)သန်း အပါအဝင် ကျပ် (၅၃၇,၁၃၄.၈၇၆)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁၁၃.၅၈၉) သန်းအပါ အဝင် ကျပ် (၆၂၅,၃၈၃.၄၂၀) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm